ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အမိန့်ကြော်ငြာစာ အမှတ် ( ၄၅ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၃ ရက်)

## လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ လူမွဲခံယူခြင်းဆိုင်ရာမှတ်ပုံတင်လက်မှတ်ပုံစံနှင့် အခကြေးငွေများ သတ်မှတ်ခြင်း

လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)တို့အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

၁။ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေ ၄၇ နည်းဥပဒေခွဲ(ခ) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်အတွက် မှတ်ပုံတင် အရာရှိထံသို့ လျှောက်ထားရာတွင် နောက်ဆက်တွဲပါ ပုံစံအမှတ်-၁၉ ဖြင့် တင်ပြရမည်။

၂။ လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေ ၅ အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်များ လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ကြေး ၂၀၀,၀၀၀ ကျပ်အား ပေးဆောင်ရမည်။

၃။ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းအတွက် မှတ်ပုံတင်ကြေး ၅၀,၀၀၀ ကျပ် အား ပေးဆောင်ရမည်။

၄။ အပိုဒ်(၂)နှင့် အပိုဒ်(၃) မှတ်ပုံတင်ကြေးများ ပေးချေခြင်းကို မှတ်ပုံတင်အရာရှိက ညွှန်ကြားထားသည့် ငွေပေးချေခြင်း နည်းလမ်းဖြင့် ပေးဆောင်ရမည်ဖြစ်သည်။

(သန့်စင်လွင်)
မှတ်ပုံတင်အရာရှိ
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၂၂ / ၄၀ / ၀၂ ( ၀၄၂၁(က)/၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ လ ၃ ရက်

ကန့်သတ်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်
ဉာဏ်ဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး
ရုံးလက်ခံ / မျှောစာတွဲ